ကျွဲကူးကျေးရွာ

ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျွဲကူးကျေးရွာ၊ ကလေးဝမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

မာတိကာ

စကားချီး

ကျွဲကူးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကလေးဝမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

အပိုင်း(၁) – ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်

ဖွံ့ဖြိုးရေးလုပ်ငန်းများ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံ အဆောက်အဦးနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား – မ ရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျွဲကူးကျေးရွာ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထား သည့် ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ် မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကလေးဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့သော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်း ကျင်သူအဖွဲ့(၁)ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်း ဂဏာန်း၊ အချက်အလက်များနှင့်

နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ် ဖြည့်ပေးခြင်း ဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန် လည်းလိုအပ်ပါသည်။

ဤ ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။

ဤ အစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီ အစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေး ဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

ဇူလိုင်၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကျဲကူးကျေးရွာ၊ ကလေးဝမြို့နယ်

ကျဲကူးကျေးရွာ သယံဇာတပြမြေပုံ၊ ကလေးဝမြို့နယ်



ရည်ညွှန်း။ ကျွဲကူးကျေးရွာ၊ ကျွဲကူးအုပ်စု၊ ကလေးဝမြို့နယ်တွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းရေးဆွဲခြင်းမှ ရယူ သည်။

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း – ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊

(၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက် လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်း ဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ် ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှ တို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊
အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရ မည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်း

ရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်း များ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုသလမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်း မွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင် ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီး များ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

ကျွဲကူးကျေးရွာ

၁။တည်နေရာနှင့် ပထဝီဝင်အနေအထား

ကျေးရွာသည် ကလေးဝမြို့နယ်နှင့် (၅)မိုင်ခန့် ကွာဝေး၍ ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ရှိပါသည်။ ကားလမ်းဖောက်လုပ်ထားခြင်းရှိသော်လည်း တစ်နှစ်ပတ်လုံး အသုံးမပြုနိုင်သောကြောင့် စက်လှေနှင့်သာ သွားလာကြရပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ ရောင်း/ဝယ်ရေး လုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

၂။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာသည် ပျမ်းမျှမိုးရေချိန် ၃၀ ရှိပါသည်။သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။ တိရစ္ဆာန်များအတွက် စားကျက်မြေ(၉)ကေရှိပြီး စိုက်ပျိုးမြေကေ(၂၈၈)ရှိပါသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်သည်။ စိုက်ပျိုးမြေများအတွက် မိုးရေကိုသာ အဓိကထား အသုံးပြု ရပါသည်။ တိရစ္ဆာန်မျိုးစိတ်များ ရရှိနိုင်မှုမရှိပါက ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရသော အပင် များဖြစ်သည်။

၃။ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ပညာရေးအဖွဲ့(၁)ဖွဲ့၊ ဘာသာရေးအဖွဲ့(၂)ဖွဲ့၊ လူမှုဖွံ့ဖြိုးရေးအဖွဲ့(၃)ဖွဲ့နှင့် ကာကွယ်ရေးအဖွဲ့(၁)ဖွဲ့တို့ ရှိသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ကောင်းမွန်ပါသည်။ ယင်းအဖွဲ့ အစည်းများအပြင် ကျေးရွာမှ ရွာသူ/သားအများစုတို့မှလည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား ဝိုင်းဝန်း ကူညီဆောင်ရွက်ကြပါသည်။ ထို့အပြင် မြို့နယ်မှ ဖွဲ့စည်းပေးသော သမဝါယမအသင်းအဖွဲ့တို့လည်း ရှိကြပါ သည်။ ကျေးရွာတွင် အလွန်မပြေလည်သောအိမ်ထောင်စု(၂၅)ဦးရှိ၍ အလယ်အလတ်ရှိသောအိမ်ထောင်စု အများအပြားရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာရှိ အမျိုးသမီးအဖွဲ့သည် သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပါဝင်ကူညီဆောင်ရွက်ကြပြီး မီးသတ်အဖွဲ့အစည်း၏စွမ်းဆောင်ရည်သည်လည်း ကောင်းမွန်ပါသည်။

၄။စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အဓိကစီးပွားရေးလုပ်ငန်းမှာ ရောင်း/ဝယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဝင်ငွေအနေ အထားမှာ ကောင်းမွန်ပါသည်။ ကျေးရွာတွင် မြေပဲ၊ နေကြာနှင့် ပဲကြီးတို့ကို စိုက်ပျိုးကြပြီး ကျွဲ၊ နွား၊ ကြက်၊ ဝက် တို့ကိုလည်း မွေးမြူကြပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော လုပ်ငန်းလုပ်ကိုင်နေသူများ၏ ရပ်တည်နိုင်မှုသည် အလယ်အလတ်ရှိကြသည်။ ကျေးရွာရှိ အိမ်ထောင်စုများ၏ အသက်မွေးမှုလုပ်ငန်းမှာ အထက်ပိုင်းသို့ ဆန်ရောင်းသွားသူ၊ ရွှေမျောမောင်းသူများနှင့် ကျောက်ရှာလုပ်ငန်း လုပ်ကိုင်ကြပါသည်။ လက်သမားလုပ်ငန်းလုပ်ကိုင်နေသူများသည် နေ့စားခ ၇၀၀၀/- ကျပ် ရရှိနိုင်ပြီး ပုံမှန်လုပ်ငန်း မဟုတ်၍ ရပ်တည်နိုင်မှုနိမ့်ပါသည်။

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာ၏ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး တုန်နန်းရွာနှင့် ရွာချင်းဆက်လမ်း ဖြစ်သော မြေသားလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ခဲ့ပါသည်။ ရွာချင်းဆက်လမ်း သည် မိုးရာသီတွင် အသုံးမပြုနိုင်ပါ။ မြစ်ကြောင်းလမ်း တစ်နှစ်ပတ်လုံး အသုံးပြုရန် ဟွန်ဒါစက်တပ် ထားသော သမ္ဘာန်(၇၃)စီး ပိုင်ဆိုင်ကြပြီး စက်ဘီး(၁၆)စီး၊ ဆိုင်ကယ်(၃၃)စီးနှင့် နွားလှည်း(၆)စီး အသုံးပြု ကြပါသည်။ အထက်ပိုင်းသို့ ကုန်ရောင်းကုန်ဝယ်များသွားရန် စက်လှေ(၂၀)စီး ပိုင်ဆိုင်ကြသည်။ ဘုန်းတော် ကြီးကျောင်းမှ လျှပ်စစ်မီးရရှိသောကြောင့် လျှပ်စစ်မီးအသုံးမပြုသော အိမ်ထောင်စု(၃)စုသာ ရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်မှုလည်း ကောင်းမွန်ပါ သည်။

၆။ ပညာရေး

ကျေးရွာတွင် (၁၉၅)ဦး ပညာသင်ကြားနေပြီး အများစုသည် ပညာအရည်အချင်း မူလတန်း အဆင့်များထိ ရှိပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းသာရှိ၍ အထက်တန်းပညာအား ကလေးဝမြို့ သို့ သွားရောက်၍ သင်ယူကြရပါသည်။ ကျေးရွာတွင် စာသင်ကျောင်းဆောင် ကြမ်းခင်းဧရိယာ(စတုရန်းပေ)

(၂၈၈) တစ်ဆောင်၊ (၂၄၀၀) တစ်ဆောင်၊ (၄၉၅) တစ်ဆောင် စုစုပေါင်း (၃)ဆောင်အား ကိုယ်ထူကိုယ်ထ

ဖြင့် ရွာသူရွာသားများမှ ဆောက်လုပ်ထားရှိပါသည်။ ကျေးရွာရှိ ကျောင်းသားဓိဘများသည် ပညာရေး အားပေးထောက်ပံ့မှုများကြောင့် (၁)လ(၁)ကြိမ် အာဟာရ တိုက်ကျွေးမှုများလည်း ရှိပါသည်။ ကျောင်း ကော်မတီဖွဲ့စည်းထားရှိခြင်းကိုလည်း တွေ့ရှိရပါသည်။ ကျေးရွာစာသင်ကျောင်းတွင် နိုင်ငံတော်အစိုးရမှ ခန့်အပ်ထားသည့် ဆရာမ(၉)ဦးရှိပါသည်။

၇။ကျန်းမာရေး

ကျေးရွာတွင် ကျန်းမာရေးဆရာမ(၁)ဦးနှင့် ကြီးကြပ်(၁)ဦးရှိ၍ ကာကွယ်ဆေးထိုးနှံခြင်း များလည်း ရှိပါသည်။ ဖျားနာရောဂါမဟုတ်သော အခြားရောဂါများအတွက် (၅)မိုင်ခန့်ဝေးသော ကလေးဝ မြို့နယ်ဆေးရုံသို့ သွားရောက်ကုသကြသည်။ ကျေးရွာတွင် အဝီစိတွင်းအသုံးပြုရန် မလွယ်ကူသောကြောင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လွှတ်တော်သိန်းတစ်ထောင်ဖြင့် မြစ်ရေတင်စနစ်ကို စတင်ခဲ့သောကြောင့် အိမ်ထောင်စုအများစုသည် မြစ်ရေကိုသာ အဓိကထားအသုံးကြပါသည်။ကျေးရွာတွင် အိမ်ထောင်စုအားလုံး ရေလောင်းအိမ်သာအသုံးပြုပြီး သန့်ရှင်းသော ယင်လုံအိမ်သာများကိုလည်း အသုံးပြုကြပါသည်။

၈။ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာသည် မြစ်ကမ်းဘေးရွာဖြစ်သောကြောင့် ကမ်းပါးပြိုခြင်းနှင့်ကျေးရွာတွင်းသို့ ရေဝင် ရောက်ခြင်းများရှိပါသည်။ ကျေးရွာတွင် စပါး၊ နှမ်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုး သတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင် သည်။ ကမ်းပါးပြိုခြင်းကြောင့် ကျေးရွာအားထိခိုက်နိုင်သည့်အတွက် မြေတိုင်းနံရံဆောက်လုပ်ရန်လည်း ရွာသူ/ရွာသား များမှ လိုလားနေကြပါသည်။

၉။ကျား-မရေးရာ

ကျေးရွာတွင် အမျိုးသား/အမျိုးသမီး ခွဲခြားဆက်ဆံခြင်းများမတွေ့ရပါ။ ကျေးရွာ၏ သာ ရေး၊နာရေးကိစ္စများအတွက် ဆွေ့ခံကျေးမွေးချက်ပြုတ်ခြင်းများတွင် ကျား-မ တန်းတူညီမျှပါဝင်မှုများရှိပြီး လူမှုဖွံ့ဖြိုးရေးများတွင်လည်း မခွဲခြားဘဲ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အမျိုး သားများအတွက် ကျပန်းအလုပ်များပိုမိုများပြားပြီး နေ့တွက်လုပ်အားခငွေများလည်း အမျိုးသမီးများထက် ပိုမိုရရှိ ကြသည်။

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၄၇)စုနှင့် ကျား(၄၆၈)၊ မ(၄၁၅) လူဦးရေပေါင်း(၈၈၃)ဦး ရှိပြီး တစ်အိမ်ထောင်စုလျှင် ပျမ်းမျှ(၆.၁)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် (၆၄၀)ဦးရှိကာ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုများပါသည်။ အိမ်တွင်းအကြမ်းဖက်မှုများမရှိဘဲ ကျား-မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ် ကောင်းမွန်ပါသည်။

နှစ်အလိုက်စီမံချက်လုပ်ငန်းများ

ကျွဲကူးကျေးရွာ၊ ကျွဲကူးအုပ်စု၊ ကလေးဝမြို့နယ်

စဉ်	စီမံချက်လုပ်ငန်းအမည်	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	ကျေးရွာပိုင်ခန်းမဆောက်လုပ်ခြင်း	၁	၁	၂	၃	၄	၅
၂	မြေထိန်းနံရံဆောက်လုပ်ခြင်း	၂					
၃	ရွာချင်းဆက်လမ်းကျင်းခင်းရန်	၃	-	-	-	-	-
၄	ဆိုလာမီးရရှိရန်	၄	-	-	-	-	-
၅	ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ရန်	၅	-	-	-	-	-

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ရပ်မိရပ်ဖအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျော	အဟန့်အတားနှင့်စိန်ေ၇မှု	ဖြေရှင်းမည်နည်းလမ်းမျော	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	သာရေး၊ လူမှုဖွံ့ဖြိုးရေးကိစ္စများအတွက် နေရာမရှိခြင်း	အများသုံးအဆောက်အဦး မရှိခြင်း	ဆောက်လုပ်ရန်နေရာ ရှိခြင်း၊ ကျေးရွာမှလုပ်အားကူညီနိုင်ခြင်း	ကျေးရွာမှထည့်ဝင်ငွေနှင့် မလုံလောက်ခြင်း	ကျေးလက်ဦးစီးဌာနမှကူညီဆောင်ရွက်ပေးခြင်း	ကျေးရွာပိုင်ခန်းမဆောင် ဆောက်လုပ်ရန်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လယ်သမားအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျး	အဟန့်အတားနှင့်စိန်ေ၀ါမှု	ဖြေရှင်းမည်နည်းလမ်းမျး	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	လူနေအိမ်များ ပြောင်းရွှေ့ နေထိုင်ရခြင်း	ကမ်းပါးပြိုခြင်း	တစ်ရွာလုံးမှ လုပ်အား ဖြင့် ပါ၀င်ကူညီနိုင်ခြင်း	ကျောက်ကြီးများရရှိရန် မလွယ်ကူခြင်း	ကျေးလက်ဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးခြင်း	မြေထိန်းနံရံ ဆောက်လုပ်ရန်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

အမျိုးသမီးအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျး	အဟန့်အတားနှင့်စိန်ေ၇ါမှု	ဖြေရှင်းမည်နည်းလမ်းမျး	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ပညာရေး အတွက် စာကြည့်ခြိန် နည်းပါးခြင်း	လျှပ်စစ်မီး လာချိန် နည်းပါးခြင်း	ငွေအင်အားထည့်ဝင် နိုင်ခြင်း	ထည့်ဝင်ငွေမလုံလော က် ခြင်း	ကျေးလက်ဦးစီးဌာနမှ ကူညီဆောင်ရွက်ပေးရ န်	ဆိုလာမီးရှိရန်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စိုက်/မွေး မဟုတ်သောအဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျး	အဟန့်အတားနှင့်စိန်ေ၇ါမှု	ဖြေရှင်းမည်နည်းလမ်းမျး	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	စားဝတ်နေရေးခက်ခဲခြင်း	အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း	အသက်မွေးဝမ်းကျောင်းသင်တန်း များဖွင့်လှစ်ပေးပါက စိတ်ပါဝင်စားစွာသင်ယူ လေ့လာလိုစိတ်ရှိခြင်း	အသက်မွေးဝမ်းကျောင်း အတတ်ပညာ နည်းပညာ မရှိခြင်း	ကျေးလက်ဦးစီးဌာနမှ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရန်	ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ဆောင်ရွက်ပေးရန်

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

လူငယ်အဖွဲ့

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းမျး	အဟန့်အတားနှင့်စိန်ေ၇ါမှု	ဖြေရှင်းမည်နည်းလမ်းမျး	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ

၁	မိုးရာသီတွင် ရွာ ချင်းဆက်လမ်း အသုံးမပြုနိုင် ခြင်း	မြေသားလမ်း ဖြစ်နေခြင်း	ကျေးရွာမှ လုပ်အား ထည့်ဝင်နိုင်ခြင်း	ကျေးရွာရန်ပုံငွေဖြင့် မလုံလောက်ခြင်း	ကျေးလက်လမ်းဦးစီးဌာန နှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း	ရွာချင်းဆက်လမ်း အား ဂျင်းခင်းရန်

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	အကောင်အထည်ဖော်မည့် နည်းဗျူဟာလုပ်ငန်းစဉ်များ	မှတ်ချက်
အခြေခံအဆောက်အဦး	ကျေးရွာပိုင်ခန်းမဆောင်ဆောက်လုပ်ခြင်း	၇၀	၁	ကျေးရွာပိုင်ခန်းမဆောင်ဆောက်လုပ်ခြင်း (၆၃'×၂၇'×၁၂')။	ကျေးလက်ဦးစီး
အခြေခံအဆောက်အဦး	မြေထိန်းနံရံဆောက်လုပ်ခြင်း	၃၆	၂	နေအိမ်များကမ်းပါးပြိုခြင်းကြောင့် မြေထိန်းနံရံ ဆောက်လုပ်ခြင်း။	-
လမ်းပန်းဆက်သွယ်ရေး	ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း	၃၂	၃	ကျေးရွာတွင်း ဂျင်းလမ်းခင်းခြင်း။	-
လျှပ်စစ်	ဆိုလာမီးရရှိရန်	၂၉	၄	မိသားစုသုံးဆိုလာစနစ်ဖြင့် မီးလင်းရေး။	-
လူငယ်နှင့်အားကစား	ဆိုင်ကယ်သင်တန်းဖွင့်လှစ်ရန်	၂၂	၅	လူငယ်များအလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ပေးခြင်း။	-

ရည်ညွှန်း - ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်များ။